# ရေနံတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံအုပ်ချုပ်ရေး ဥပဒေမူဘောင်ဆိုင်ရာ လိုအပ်ချက်ကို လေ့လာသုံးသပ်ရန်အတွက် ပြည်တွင်းကျွမ်းကျင်သူပညာရှင်ဖြင့်ဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်းချက်

**နောက်ခံအချက်အလက်**

နော်ဝေနိုင်ငံအစိုးရသည် မြန်မာနိုင်ငံအား ရေနံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ် (Oil for Development Programme–OfD) အရ အကူအညီများ ပံ့ပိုးပေးလျက်ရှိပါသည်။ အဆိုပါ အစီအစဉ်တွင် ရေနံအရင်းအမြစ်များစီမံခံခွဲခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲခြင်း၊ အဆိုပါကဏ္ဍမှ ရရှိသည့် ဘဏ္ဍာငွေအားစီမံခန့်ခွဲခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စီမံခန့်ခွဲခြင်း နယ်ပယ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ပါဝင်ပါသည်။

နော်ဝေပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီ (Norwegian Environment Agency – NEA) သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကဏ္ဍကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကဏ္ဍ၏ ရလဒ်တစ်ခုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကိစ္စများအတွက် ဥပဒေမူဘောင်တစ်ရပ် (ဥပဒေများ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ) ဖြစ်ပေါ်တိုးတက်စေရန် ဖြစ်ပါသည်။

၂၀၁၂ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန(ယခု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန) အောက်၌ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် သတ္တုတွင်း ဝန်ကြီးဌာနသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပေါင်းစည်းခဲ့ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးတို့ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ဖွဲ့စည်း တည်ထောင်ခဲ့ပြီး ပတ်ဝန်းထိခိုက်မှုဆန်းစစ်ခြင်းစနစ်ကို ဆောင်ရွက်ရန်အတွက် တာဝန် ပေးအပ် ထားပါသည်။

မြန်မာနိုင်ငံတွင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အဓိကဥပဒေမူဘောင်အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေအရ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား အခွင့်အာဏာနှင့် တာဝန်များပေးအပ် ထားပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေတွင် ဖော်ပြထားပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို အခွင့်အာဏာလွှဲအပ် ထားပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ သတင်းအချက အလက်များ ဖြန့်ဝေခြင်း

နှင့် အသိပညာပေးခြင်း၊ ထုတ်လွှတ်စံသတ်မှတ်ချက်များရေးဆွဲခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပါမစ်ထုတ်ပေးခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို စောင့်ကြပ်ကြည့်ရှုခြင်း တို့ဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအား တာဝန်ပေးအပ်ထားပါသည်။

ရေနံကဏ္ဍပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်စပ်လည်း၍ အစိုးဌာနများစွာ တွင် တာဝန်ရှိပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန/ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ရုံးချုပ်နှင့်တိုင်းဒေသကြီးပြည်နယ်ရုံးများ)၊ စက်မှု ဝန်ကြီး ဌာန(ယခု စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)နှင့် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန တို့ပါဝင်မှုက ပတ်ဝန်းကျင်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ရှုပ်ထွေးစေပါသည်။ သို့ဖြစ်ပါ၍ စည်းမျဉ်းစည်းကမ်းမူဘောင်ကို ချိန်ညှိရန်နှင့် ဦးစီးဌာနများ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်း တာဝန်းများကို ရှင်းလင်းစေရန် လိုအပ်လျှက်ရှိပါသည်။

ယနေ့မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍအတွက် ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များကို ပြဌာန်းထားခြင်းမရှိသေးပါ။ သို့ရာတွင် မကြာသေးမီက အတည်ပြုပြီး ဖြစ်သည့် ဥပဒေစည်းမျဉ်းစည်းကမ်းများရှိသော်လည်း စည်းမျဉ်းစည်းကမ်းများ ထပ်နေခြင်း နှင့် အခွင့်အာဏာများထပ်နေခြင်းတို့ရှိနေပါသည်။ ဓာတုပစ္စည်းဆိုင်ရာဥပဒေကို ယခင်စက်မှု ဝန်ကြီးဌာနအောက်ရှိ ဗဟိုကြီးကြပ်ရေးဘုတ်အဖွဲ့ (Central Supervisory Board–CSB)မှ အကောင်အထည်ဖော်လျှက်ရှိပါသည်။ ဓာတုပစ္စည်းများကို သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ တင်သွင်းခြင်း စသည့်မည်သည့် လုပ်ငန်းမျိုးကိုမဆို လိုင်စင်ရရှိရန် အဆိုပါ ဘုတ်အဖွဲ့သို့ လျှောက်ထားရပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန/ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ ဘေးအန္တရာယ် ရှိသောပစ္စည်း (ရေနံနှင် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အသုံးပြုသည့်ဓာတုပစ္စည်း များမှာ ဘေးအန္တရာယ်ဖြစ်စေသည့်ပစ္စည်းများဖြစ်သည်။) ကို ထိန်းချုပ်ရန် အခွင့်အာဏာ ပေးထားပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate–ECC) တွင် ဥပမာအနေဖြင့် ဓာတုပစ္စည်းနှင့်ဘေးအန္တရာယ်ရှိသောပစ္စည်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့်ပတ်သက်၍ လိုအပ်ချက်များကို ထည့်သွင်းရန် ရှိပါသည်။ မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံနှင့်သဘာဝဓာတ်ငွေ့အတွက် ဓာတုပစ္စည်း အသုံးပြုခြင်း နှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းလုပ်ငန်းအတွက် တာဝန်ရှိပါသည်။

၂၀၁၆ ခုနှစ်တွင် UNDP မှ ထုတ်ဝေသည့် *Needs assessment for effective implementation of the Environmental Conservation Law* တွင် အောက်ပါအတိုင်း ထောက်ခံတင်ပြထားပါသည်–

"ချက်ချင်းဆောင်ရွက်ရန်လုပ်ငန်းမှာ အသေးစိတ်စည်းမျဉ်းစည်းကမ်းများနှင့် စံချိန်စံညွှန်းများ၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်ထုတ်ပေးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့် ပတ်ဝန်းကျင်ဆိုင်ရာစံချိန်စံညွှန်းတို့အပါအဝင် လောလောဆယ်တွင် မပြီးစီးသေးသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို ပြီးစီးအောင်ဆောင်ရွက်ရန်" ဖြစ်ပါသည်။

## ရည်ရွယ်ချက်

ယခုကျွမ်းကျင်သူပညာရှင်ဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်မှာ UNDP အစီရင်ခံစာတွင် ထောက်ခံတင်ပြမှုများကိုအခြေခံ၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍရှိ လက်ရှိစီမံအုပ်ချုပ်မှုစနစ်နှင့် စည်းမျဉ်းစည်းကမ်းများကို စိစစ်သုံးသပ်ရန် ဖြစ်ပါသည်။

- ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ လက်ရှိဥပဒေမူဘောင်၊ ရေးဆွဲရန်စီစဉ်ထားသည့် နှင့်/ သို့မဟုတ် ရေးဆွဲလျက် ရှိသည့် ဥပဒေမူဘောင် တို့ကို စိစစ်သုံးသပ်ရန်၊
- မြန်မာနိုင်ငံရှိ လက်ရှိဥပဒေစနစ်သည် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကြောင်းရန်အတွက် ကိုက်ညီမှုရှိမရှိကို လေ့လာဆန်းစစ်ရန်၊
- ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပတ်ဝန်းကျင်စီမံအုပ်ချုပ်မှု ကောင်းမွန်သည့် စနစ်တစ်ရပ်ဖြစ်စေရန် လိုအပ်သည့် ဥပဒေမူဘောင်တို့၏ လိုအပ်ချက်နှင့် ရှေ့နောက် မညီညွတ်မှုတို့ကို သတ်မှတ်ဖော်ထုတ်ရန်၊
- ထိရောက်သည့် အာဏာသက်ရောက်မှုရှိစေရေးအတွက် အခွင့်အလမ်းနှင့် ကန့်သတ်ချက်များကို သတ်မှတ်ဖော်ထုတ်ရန်၊
- လေ့လာတွေ့ရှိချက်များကို အစီရင်ခံစာအဖြစ် အစိုးရနှင့် အကျိုးသက်ဆိုင်သူများအားလုံးထံသို့ တင်ပြရန်တို့ဖြစ်ပါသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ နှင့်သက်ဆိုင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ နှင့် / သို့မဟုတ် လမ်းညွှန်းချက် နှင့်. သို့မဟုတ် စံချိန်စံညွှန်းများကို သတ်မှတ်ဖော်ထုတ်ရန်နှင့် အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းလင်းတင်ပြရန်နှင့် ဥပဒေမူဘောင်များတွင် ရှေ့နောက်မညီညွတ်များကို သတ်မှတ် ဖော်ထုတ်ရာတွင် နိုင်ငံတကာ အကောင်းဆုံးအလေ့အကျင့်များနှင့် တည်ဆောက်ပုံတို့အရ နှိုင်းယှဉ်ဇယားဖြင့် သတ်မှတ်ဖော်ထုတ်ရန် ဖြစ်ပါသည်။

## လုပ်ငန်းနယ်ပယ်

ကျွမ်းကျင်သူပညာရှင်သည် လုပ်ငန်းများဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်မှ တာန်ပေးအပ်သူမှ ဦးဆောင်၍ နော်ဝေပတ်ဝန်းကျင် ဆိုင်ရာ အေဂျင်စီ၊ ဥပဒေရေးရာဌာနမှ ကိုယ်စားလှယ် တစ်ဦးပါဝင်သည့် စီမံကိန်းအဖွဲ့နှင့် နီးကပ်စွာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထို့ပြင် ကျွမ်းကျင်သူပညာရှင်သည် ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့်သက်ဆိုင်သည့် လက်ရှိ ပတ်ဝန်းကျင်ဆိုင်ရာဥပဒေမူဘောင်တို့ကို စိစစ်သုံးသပ်ခြင်းကဲ့သို့သော ကျွမ်းကျင်သူ၏ တာဝန် များနှင့် လက်ရှိဥပဒေမူဘောင်တို့ကိုလေ့လာဆန်းစစ်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများ ဖြစ်မြောက်ရေးနှင့်ကျင်းပရေးတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် ဥပဒေစာရွက်စာတမ်းများ၊ ပြင်ဆင်ထားသည့် ဥပဒေ စာရွက်စာတမ်းများ နှင့် အစီရင်ခံစာများစသည်တို့အပါအဝင် သက်ဆိုင်ရာ စာရွက်စာတမ်းရရှိနိုင်ရန် ဆောင်ရွက် ပေးရမည်ဖြစ်ပြီး ပြည်တွင်းကျွမ်းကျင်သူပညာရှင်၏ လုပ်ငန်းတွင် input ထည့်သွင်းပေးရမည် ဖြစ်ပါသည်။

ကျွမ်းကျင်သူပညာရှင်သည် တိုးတက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့အတွက် လစဉ်အစီရင်ခံစာ တင်ပြခြင်းအပါအဝင် ဆောင်ရွက်မည့်အချိန်ကာလနှင့် လုပ်ငန်းတို့နှင့်စပ်လျဉ်း၍ နော်ဝေပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီနှင့် နီးကပ်စွာ ဆွေးနွေးညှိနှိုင်း ရမည်ဖြစ်ပါသည်။

ဆောင်ရွက်မည့်လုပ်ငန်းနယ်ပယ်အတိုင်းအတာနှင့် သတ်မှတ်ချက်များကို လုပ်ငန်း ဆောင်ရွက်စဉ်ကာလအတွင်း နော်ဝေပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီနှင့် ပြန်လည်ညှိနှိုင်းနိုင်ပြီး လုပ်ငန်းနယ်ပယ်နှင့် ဘတ်ဂျက်ကို ပြန်လည်ကိုက်ညှိနိုင်ပါသည်။ လုပ်ငန်းနယ်ပယ် အပြောင်း အလဲနှင့် အတိုင်ပင်ခံလုပ်ငန်း၏ လူအင်အားလိုအပ်ချက်ကို နော်ဝေပတ်ဝန်းကျင်ဆိုင်ရာ အေဂျင်စီ၏ အတည်ပြုချက်ဖြင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## အစီရင်ခံစာတင်ပြရန် အချိန်သတ်မှတ်ချက်

ပြည်တွင်းကျွမ်းကျင်သူပညာရှင်အား ၂၀၂၀ ပြည့်နှစ် မေလ (၁၅) ရက်နေ့တွင် စတင် ခန့်အပ်မည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်တွင် ပြီးဆုံးမည်ဖြစ်ပါသည်။

- အစီရင်ခံစာမူကြမ်းကို ၁.၈.၂၀၂၀ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနနှင့် နော်ဝေပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီ သို့ တင်ပြရမည်ဖြစ်ပါသည်။
- အပြီးသတ်အစီရင်ခံစာကို ၂၀၂၀ ပြည်နှစ် စက်တင်ဘာလဆန်းတွင် တင်ပြရမည် ဖြစ်ပါသည်။ (သို့မဟုတ် အစီရင်ခံစာအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်

နေ်ဝေပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီတို့မှ သဘောထားမှတ်ချက်များ ရရှိပြီး (၂) ပတ်အကြာ)

– အစီရင်ခံစာမှ လေ့လာတွေ့ရှိချက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကုန်တွင်ကျင်းပမည့် ဆွေးနွေးပွဲတွင် တင်ပြရမည် ဖြစ်ပါသည်။

## လိုအပ်သည့်ပညာအရည်အချင်း

– Master of Law နှင့်အထက်

– ရေနံလုပ်ငန်းတွင် ဖွဲ့စည်းမှု၊ စီမံခန့်ခွဲမှု နှင့် ကျန်းမာရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင် ဆိုင်ရာ ဥပဒေများ နှင့်စပ်လျဉ်း၍ ယေဘုယျ အတွေ့အကြုံရှိသူဖြစ်ရပါမည်။

– ကမ်းလွန်နှင့်ကုန်းတွင်း ရေနံနှင့်သဘာဓာတ်ငွေ့လုပ်ငန်းများ နှင့်သက်ဆိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် စပ်လျဉ်း၍ အသိပညာဗဟုသုတ ရှိသူဖြစ်ရပါ မည်။

– ရေနံနှင့် သဘာဓာတ်ငွေ့လုပ်ငန်းများနှင့်သက်ဆိုင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု နယ်ပယ်တွင် အစိုးရဌာနများ၏ တာဝန်များနှင့် အဆိုပါဌာနများ၏ အခန်းကဏ္ဍ တို့နှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတ ရှိသူဖြစ်ရပါမည်။

## ကိုယ်ပိုင်ကျွမ်းကျင်မှု

– အင်္ဂလိပ်ဘာသာအရေးအပြောကျွမ်းကျင်သူဖြစ်ရပါမည်။

– ဆက်ဆံရေးကောင်းမွန်သူဖြစ်ရပါမည်။

## အလုပ်နေရာ

နေပြည်တော်၊ မြန်မာ

## ဘာသာစကား

အစီရင်ခံစာမူကြမ်းနှင့် အပြီးသတ်အစီရင်ခံစာတို့ကို အင်္ဂလိပ်ဘာသာဖြင့်ပြုစု၍ hard copy နှင့် soft copy တို့ဖြင့်တင်ပြရမည်ဖြစ်ပါသည်။

## ငွေပမာဏနှင့် ရွေးချယ်မည့်လုပ်ငန်းစဉ်

အတိုင်ပင်ခံလုပ်ငန်းအတွက် ငွေပမာဏမှာ US$ ၁၀,၀၀၀ ဖြစ်ပါသည်။

ကျွမ်းကျင်သူပညာရှင်ကို ယှဉ်ပြိုင်မှုဖြင့် ရွေးချယ်မည်ဖြစ်ပါသည်။ နောက်ဆုံးဇကာတင် ရွေးချယ်မှုကို နေ်ဝေပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ ရွေးချယ်မှုကို ရေနံနှင့်သဘာဝ ဓာတ်ငွေ့ လုပ်ငန်းနှင့် အခြားဆက်နွယ်သည့်ကဏ္ဍတို့နှင့် သက်ဆိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊

ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းတို့နှင့်စပ်လျည်းသည့် ပညာအရည်အချင်း၊ အတွေ့အကြုံ၊ ကွမ်းကျင်မှုနှင့်ပါဝင်ဆောင်ရွက်မှု စသည့် စံသတ်မှတ်ချက်တို့အပေါ် အခြေခံ၍ ရွေးချယ်မည်ဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်းကျွမ်းကျင်သူပညာရှင်သည် ပြည်တွင်းအရေးကိစ္စများ နှင့်စပ်လျဉ်း၍ ကောင်းစွာနားလည်သဘောပေါက်ထားသူဖြစ်ပြီး နိုင်ငံအတွင်း ချိတ်ဆက်မှု ကွန်ရက်ကောင်းမွန်သူဖြစ်ရပါမည်။

**ဆက်သွယ်ရန်ပုဂ္ဂိုလ်များ**

Tor Skudal, Norwegian Environment Agency

Tel: +4741457757

Email: tor.skudal@miljodir.no

ဒေါ်လှလှထွေး
ဒုတိယညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ဖုန်း– ၀၉ ၇၇ ၄၁၂ ၀၂၅၇
အီးမေးလ်– hlahlahtwe76@gmail.com